## (ဂ) ဂမိကဝတ်

ကိုရင် ဗုဒ္ဓရက္ခိတ.... ခရီးသွားမည့် ရဟန်း သာမဏေကို "ဂမိကပုဂ္ဂိုလ်"ဟု ခေါ်၏၊ ထိုဂမိကပုဂ္ဂိုလ်သည်—

(၁) မိမိသုံးစွဲနေသော သံဃိက (သံဃာအများပိုင်) သစ်ဘဏ္ဍာ မြေဘဏ္ဍာ (သစ်သားဖြင့် လုပ်အပ်သော ခုတင် ကုလားထိုင် စားပွဲစသည်နှင့် မြေဖြင့် ပြုလုပ်အပ်သော အိုးခွက် ပန်းကန်စသော ဘဏ္ဍာ)များကို သိမ်းရသည်။

(၂) မိမိတပါးတည်း နေသော ကျောင်းဖြစ်လျှင် ကျောင်း ခန်းတံခါးနှင့် လေသောက်ပြူတင်းတို့ကို ပိတ်ရသည်။

(၃) ကျောင်းမှာရှိသော အကြီးအကဲနှင့် သီတင်းသုံးဘော်များကို "မည်သည့်အရပ် သွားပါဦးမည်"ဟု ပန်ပြောရသည်။

(၄) ထိုတာဝန်ဝတ္တရားများကို ပြုလုပ်ပြီးမှ ခရီးသွားရသည်၊ ထိုဝတ္တရားများကို မပြုလုပ်ဘဲသွားလျှင် ရဟန်းများမှာ အာပတ်သင့်၍ သာမဏေများ၌ ဒဏ်ထိုက်သည်။

---

## (ဃ) အနုမောဒနာပတ်

ကိုရင် ဗုဒ္ဓရက္ခိတ.... ကျောင်းတိုက်တွင်းမှာဖြစ်စေ မြို့ရွာတွင်းမှာဖြစ်စေ ဆွမ်းကျွေးပြီးသောအခါစသည်၌ ဒါယကာတို့အား ဝမ်းမြောက်ဝမ်းသာရှိအောင် တရားဟောခြင်းကို "အနုမောဒနာပြုခြင်း"ဟု ခေါ်သည်။ [အနု=အဖန်ဖန်+မောဒနာ=ဝမ်းမြောက်စေခြင်း။] ထိုသို့ ဆွမ်းတရားဟောမှုနှင့်